## အသိပေးကြေညာချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် PJ နှင့် PS နိုင်ငံကူးလက်မှတ်အမျိုးအစားကိုင်ဆောင်သူ ပြည်ပနေနိုင်ငံသားများ နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် လိုအပ်သည့် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်ပုံစံကို လုံခြုံမှုအဆင့်အတန်းပါရှိသည့် စာရွက်ပုံစံဖြင့် ထုတ်ပေးလျက်ရှိပါသည်။

၂။ PJ နှင့် PS နိုင်ငံကူးလက်မှတ်အမျိုးအစားကိုင်ဆောင်သူ ပြည်ပနေနိုင်ငံသားများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခွန်ကင်းရှင်းကြောင်းထောက်ခံချက်လျှောက်ထားရာတွင် လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြရန် လိုအပ်ပါကြောင်း အသိပေးအပ်ပါသည်-

(က) နိုင်ငံကူးလက်မှတ်အတွက် အထောက်အထား၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဂ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊

(ဃ) လစာဝင်ငွေဆိုင်ရာအထောက်အထား (သင်္ဘောသားဖြစ်ပါက Portage bill)၊

(င) အလုပ်နှင့်စပ်လျဉ်းသည့် အထောက်အထား (Contract/ Appointment)၊

(စ) OWIC အမှတ် သို့မဟုတ် CDC/ SIRB အမှတ်အတွက် အထောက်အထား၊

(ဆ) ကိုယ်စားလှယ်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ။

**ပြည်တွင်းအခွန်များဦးစီးဌာန**